ပေါက်ကုန်းကျေးရွာ

အုတ်တွင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေါက်ကုန်းကျေးရွာ၊ အုတ်တွင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ ဩဂုတ်လ

မာတိကာ

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း**

**အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

(၁) တည်နေရာနှင့် ပထဝီအနေအထား

(၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(၆) ပညာရေး

(၇) ကျန်းမာရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၉) ကျားမရေးရာ

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

**အပိုင်း(၂) စီမံချက်ဆိုင်ရာ အချက်အလက်**

စီမံချက်အဆိုပြုလွှာ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား



**၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား**

ပေါက်ကုန်းကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ပေါက်တောကျေးရွာအုပ်စုတွင်ပါဝင်ပြီး ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမ ကြီးကိုဆက်သွယ်သော အုတ်တွင်း-ပေါက်ခေါင်းလမ်းရှိ ရေသိုးကျေးရွာ၏တောင်ဖက်တွင် တည်ရှိပါ သည်။ ကျေးရွာပတ်ဝန်းကျင်တွင်လယ်ကွင်းများရှိပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကိုအဓိကထား လုပ်ကိုင်သောကျေးရွာ ဖြစ်ပါသည်။ ကျေးရွာ၏အရှေ့မြောက်ဖက်တွင် ရေသိုးဆည်မြောင်းရှိပြီး အနောက်တောင်ဖက်တွင် ခပေါင်းဆည်မြောင်းရှိ၍ နွေစပါးစိုက်ပျိုးနိုင်ရန် ရေလုံလောက်စွာရရှိပါသည်။

**၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**

သဘာဝအရပေါက်ရောက်သော သရက်၊ မရမ်း၊ ညောင်၊ ကုက္ကိုလ်၊ ငုက်ပျောစသော အပင်များပေါက်ရောက်ပြီး စပါးစိုက်ပျိုးနိုင်သော လယ်(၂၁၀.၈)ကေရှိပြီး ဆည်ရေရရှိသဖြင့် မိုးစပါး သာမကနွေစပါးကိုပါ စိုက်ပျိုးနိုင်သည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာတွင်းရှိအသင်းအဖွဲ့များမှာ သာရေးနာရေးလုပ်ငန်းများ၊ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာရေးလုပ်ငန်းများအား ဝိုင်းဝန်းဆောင်ရွက်ကြသည်။ ကျေးရွာအတွင်းရှိအသင်းအဖွဲ့များမှာ စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပြီး လုပ်ငန်းတာဝန်များကို တက်ကြွစွာဆောင်ရွက်ကြသည်။

**(၄)စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

ကျေးရွာအဓိကစီးပွါးရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာ၌ လယ်မြေများတွင် မိုးစပါးနှင့်နွေစပါးကို စိုက်ပျိုးကြကာ မြေဆီအရည်အသင့်အတင့်ရှိကာ အများစုမှာ နည်းစနစ်မှန်ကန်စွာစိုက်ပျိုးနိုင်ခြင်းမရှိ၍ သွင်းအားစုကုန်ကျစရိတ်များပြီး အကျိုးအမြတ်ရရှိမှုအနည်းငယ်မှ အသင့်အတင့်သာရှိပါသည်။ မိုးတွင်းကာလရေများချိန်တွင် ရေနုတ်မြောင်းမကောင်း၍ လယ်ကွက်များရေနစ်ခြင်းအန္တရာယ်ကြုံတွေ့ရတတ်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာ၏(၈၄%)ဝန်းကျင်ခန့်မှာဝက်မွေးမြူသူ အိမ်ထောင်စုများဖြစ်ပြီး အများစုမှာ ဒေသ ဝက်မျိုးများကိုသာ မွေးမြူကြသည်။ အသားတိုးဝက်မွေးမြူသူအချို့ရှိသော်လည်း စီးပွားဖြစ်မွေးမြူ



သူမရှိပါ။ ဒေသကြက်မွေးမြူသည့် အိမ်ထောင်စုသည် တစ်ရွာလုံး၏ (၆၅ %)ခန့်ရှိပြီး ဘဲမွေးမြူသူ (၂၁%) ခန့်ရှိပါသည်။ လယ်ယာလုပ်ငန်းခွင်တွင်အသုံးပြုရန်အတွက် အိမ်ထောင်စု(၃၂%)ခန့်မှာ ကျွဲမွေးမြူထားပြီး (၉%)ခန့်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများအဖြစ် ဆီးချုပ်၊ ဝမ်းချုပ်ရောဂါနှင့် ဝက်နားရွက်ပြာရောဂါများဖြစ်ပွားတတ်ကာ သေဆုံးပျက်စီးမှု အနည်းငယ်သာရှိတတ်သည်။ ဆင်းရဲ သောအိမ်ထောင်စုများမှာ မွေးမြူရေးလုပ်ငန်း တည်ထောင်ရန်နှင့် တိုးချဲ့ဆောင်ရွက်ရန်ချေးငွေ အလွယ်တကူမရရှိနိုင်ဘဲ ငွေချေးသူများထံမှချေးငှားလျှင်လည်း အတိုးနှုန်းမြင့်မားလွန်း၍ အကျိုးအမြတ်ရရှိနိုင်မှု နည်းပါးသည်။

**(ဂ) ငါးလုပ်ငန်း**

ငါးမွေးမြူရန် ရေနှင့် မြေနေရာ အဆင်မပြေခြင်း၊ ငါးမျိုးရရှိရန် လက်လှမ်းမီမှု မရှိခြင်းတို့ကြောင့် ငါးမွေးမြူရေးလုပ်ငန်း မရှိပါ။

**(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သူများပြားပြီး အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အပ်ချုပ်ဆိုင်လုပ်ငန်း၊ လက်လီ၊ လက်ကားအရောင်းအဝယ်လုပ်ငန်းနှင့် အစိုးရဝန်ထမ်းများလည်းရှိသည်။ လုပ်ငန်းအများစုမှာ ဈေးကွက်အနေအထားအရ အကျိုးအမြတ်ရရှိနိုင်မှု အနည်းအပါးမှ အသင့်အတင့်ရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူများပြားပြီး အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှုအားနည်း၍ လုပ်ငန်းခွင်သုံးပညာ အရည်အချင်း နိမ့်ကျကြပြီး ကျွမ်းကျင်မှု အခြေခံသည့်အလုပ်အကိုင်ရရှိ

မှုအားနည်းသောကြောင့် လုပ်အားခရရှိမှု နည်းပါးသည်။ ကျေးရွာတွင်းရှိလူငယ်အများစုမှာ စက်ကိရိယာ ပြင်ဆင်ခြင်းအတတ်ပညာအား သင်ယူလိုကြသည်။

### (၄) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လျှင် အတိုးနှုန်း ပြား(၈၀)နှုန်းဖြင့် လယ်တစ်ကေလျှင် ကျပ်(၁၅၀၀၀၀)ချေးယူနိုင်ပြီး တောင်သူတစ်ဦးလျှင် အများဆုံး လယ်(၁၀)ကေအတွက် ချေးယူနိုင်ကြသည်။ ထို့အပြင် မြို့နယ်သမဝါယမအသင်းမှလည်း အတိုးနှုန်း (၁.၅)ကျပ်နှုန်းဖြင့် ချေးယူနိုင်သည်။

### (၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင်းလမ်းများမှ ရွာလယ်လမ်းမကြီးအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျောက်များ ခင်းထားပြီး တစ်နှစ်ပတ်လုံးသွားလာရအဆင်ပြေသော်လည်း ရွာလယ်လမ်းမကြီးမှခွဲထွက်သော အခြား



ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး လမ်းမြေနိမ့်သောကြောင့် မိုးတွင်းအခါများတွင် သွားလာရခက်ခဲပါသည်။ ကျေးရွာချင်းဆက်လမ်းဖြစ်သော ရေသိုး-ပေါက်ကုန်းလမ်းမှာ ကျောက်ခင်းထား ပြီး သွားလာရအဆင်ပြေပါသည်။

(၃)ဖာလုံခန့်သာဝေးသော ရေသိုးကျေးရွာမှာ လျှပ်စစ်မီးရရှိပြီးဖြစ်သော်လည်း ပေါက်ကုန်းကျေးရွာ အနေဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်မှု မရှိသေးပါ။ ကိုယ်ထူကိုယ်ထမီးလင်းရေး ဆောင်ရွက်ရန်အတွက် မီးလင်းရေး ကော်မတီဖွဲ့စည်းထားရှိပြီး ရန်ပုံငွေအနည်းငယ်လည်းရှိပါသည်။ မိုးဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင် ကြပြီး အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်ကောင်းမွန်ကာ သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ကြသည်။

### (၆) ပညာရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ ကျေးရွာရှိကျောင်းသူ/သားများမှာ မူလတန်းနှင့်မူလွန် အဆင့်ကိုရေသိုးကျေးရွာရှိမူလွန်ကျောင်းတွင်တက်ရောက်ရပြီး အလယ်တန်းနှင့်အထက်တန်းကျောင်းသူ/ သားများမှာ အုတ်တွင်းမြို့ရှိအထက်တန်းကျောင်းသို့ တက်ရောက်ရပါသည်။ အလယ်တန်းအဆင့်ထိ ပညာသင်ကြားနိုင်သောအရွယ်ရှိ ကလေးများအားလုံးနီးပါး ပညာသင်ယူနေကြပါသည်။ ကျေးရွာရှိ ကျောင်းသားစုစုပေါင်း၏(၁၉%)ခန့်မှာ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်တွင် ပညာသင်ယူနေပါ

သည်။ ကျေးရွာတွင်စာသင်ကျောင်းဆောက်လုပ်ရန်အတွက် ပညာရေးဌာနမှ (၂၀၀၇)ခုနှစ်နှင့် (၂၀၁၁)ခုနှစ်တို့တွင်စီစဉ်ဆောင်ရွက်ပေးခဲ့သော်လည်း ကျောင်းမြေနေရာမရှိ၍ ဆောက်လုပ်နိုင်ခဲ့ခြင်းမရှိပါ။ ယခုအခါမြေအလှူရှင်ရှိပြီဖြစ်၍ စာသင်ကျောင်းဆောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်အကူအညီရယူရန်စီစဉ်ဆောင်ရွက်သွားပါမည်။

## (၇) ကျန်းမာရေး

ကျေးရွာသူ/သားများအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို (၂)မိုင်ခန့်ဝေးသောဇောခိကုန်း ကျေးလက်ကျန်းမာရေးဌာနမှရရှိပြီး ကျေးရွာတွင်လည်း အခြေခံကျန်းမာရေးစောင့်ရှောက်မှု သင်တန်းတက်ရောက်ထားသူများရှိပါသည်။ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာများအား အုတ်တွင်းမြို့နယ်ဆေးရုံနှင့် တောင်ငူအထွေထွေရောဂါကု ဆေးရုံကြီးတို့၌လည်းသွားရောက်ကုသနိုင်ပါသည်။

သောက်သုံးရေအတွက် လက်နှိပ်တုံကင်ကိုအသုံးပြုကြပြီး တစ်နှစ်ပါတ်လုံး ရေလုံလောက်စွာသုံးစွဲနိုင်ပါသည်။

အိမ်သာသုံးစွဲမှုတွင် အများစုမှာ အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများမှာ ဝါးဖြင့်ရက်လုပ်ထားသောရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲသော ယင်လုံအိမ်သာများကိုသာအသုံးပြုကြပြီး အိမ်ထောင်စု(၃%)ခန့်သည် ယင်လုံအိမ်သာသုံးစွဲခြင်းမရှိသေးပါ။



## (၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာအနီးတွင် မြစ်၊ချောင်းများမရှိသော်လည်း ရေနုတ်မြောင်းမကောင်း၍ မိုးများသောကာလများတွင် လယ်များရေနစ်မြုပ်မှုအခြေအနေ ရှိပါသည်။

လယ်မြေများသည် မြေဆီအရည်အသွေး အနည်းငယ်ညံ့သောကြောင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားလာပြီး သွင်းအားစုကုန်ကျစရိတ်များပြား၍ အကျိုးအမြတ်ရရှိမှု နည်းပါးလာနိုင်ပါသည်။

စွန့်ပစ်ပစ္စည်းများစနစ်တကျ စီမံခန့်ခွဲမှုမရှိ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးသင့်သည်။

## (၉) ကျား- မ ရေးရာ

ကျား-မဆိုင်ရာဆက်နွယ်မှုအနေအထားကောင်းမွန်ပြီး မိသားစုအတွင်းကျား-မအခန်းကဏ္ဍ အသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြကာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမရှိပါ။

ပညာရေးဆိုင်ရာကိစ္စရပ်များတွင်လည်း ကျား၊မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် ပညာသင်ယူမှုဆိုင်ရာအခွင့်အရေးမှာ တန်းတူပင်ဖြစ်သည်။ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုရှိပြီး အခြားလူမှုရေးအသင်းအဖွဲ့များတွင်လည်း တက်ကြွစွာပါဝင် ဆောင်ရွက်ကြသည်။

## (၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပြီး ကျေးရွာလူထုမှ အမှတ်ပေးစနစ်ဖြင့် ကျေးရွာလုံးကျွတ်အစည်းအဝေးတွင် ဦးစားပေးစီမံချက်အစီအစဉ်များကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို အကောင်အထည်ဖော်ရာ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခြားလူမှုအဖွဲ့အစည်းများထံမှ နည်းပညာအကူအညီများ၊ အခြားအထောက်အပံ့များ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပေါက်တောကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာ**

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်း | ၁ | Â | | | | |
| ၂ | လျှပ်စစ်မီးရရှိရေး | ၂ | | Â | | | |
| ၃ | စာသင်ကျောင်းရရှိနိုင်ရေး | ၃ | | | Â | | |
| ၄ | ဆည်မြောင်းကူးတံတားရရှိရေး | ၄ | | | | Â | |
| ၅ | စာကြည့်တိုက်ဆောက်လုပ်နိုင်ရေး | | | | | | Â |

**ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊အုတ်တွင်းမြို့နယ်**

**ပေါက်ကုန်းကျေးရွာ၊ ပေါက်တောကျေးရွာအုပ်စု**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှအောင် | ဦးမောင်စိန် | ၇/အတန(နိုင်) ၀၇၃၄၅၉ | ၅၆ | ဥက္ကဋ္ဌ | ၀၉-၄၅၄၉၈၆၆၄၆ |
| ၂ | ဦးသန်းလွင် | ဦးလှရွှေ | ၇/အတန(နိုင်) ၀၂၃၈၇၅ | ၅၂ | အတွင်းရေးမှူး | ၀၉-၇၈၂၅၆၁၄၉၂ |
| ၃ | ဦးကိုကိုလင်း | ဦးညို | ၇/အတန(နိုင်) ၀၈၁၄၈၉ | ၃၀ | ဘဏ္ဍာရေးမှူး | ၀၉-၇၉၄၁၈၄၄၈၀ |

| | | | | | | |
|---|---|---|---|---|---|---|
| ၄ | ဦးလှထွေး | ဦးမောင်စိန် | ၇/အတန(နိုင်) ၀၂၃၈၆၂ | ၅၃ | အဖွဲ့ဝင် | - |
| ၅ | ဦးဝင်းဗိုလ် | ဦးမောင်ပု | ၇/အတန(နိုင်) ၀၉၀၉၃၀ | ၄၈ | အဖွဲ့ဝင် | - |
| ၆ | ဦးမောင်လွင် | ဦးကုလား | ၇/အတန(နိုင်) ၀၂၄၃၈၇ | ၅၁ | အဖွဲ့ဝင် | - |
| ၇ | ဦးသိန်းစိုး | ဦးတင်ဝင်း | ၇/အတန(နိုင်) ၀၇၃၄၂၆ | ၄၄ | အဖွဲ့ဝင် | ၀၉-<br>၇၆၈၂၀၂၉၂၄ |
| ၈ | ဦးအောင်ကြိုင် | ဦးလှမောင် | ၇/အတန(နိုင်) ၀၇၃၄၀၆ | ၃၇ | အဖွဲ့ဝင် | - |
| ၉ | ဒေါ်နှင်းရီ | ဦးအောင်ဝင်း | ၇/အတန(နိုင်) ၀၈၅၆၃၃ | ၂၈ | အဖွဲ့ဝင် | ၀၉-<br>၄၅၇၄၉၄၆၆၃ |
| ၁၀ | ဒေါ်အုန်းမှီ | ဦးလှတင် | ၇/အတန(နိုင်) ၀၉၃၀၉၆ | ၄၂ | အဖွဲ့ဝင် | |
| ၁၁ | ဦးထွန်းဝင်း | ဦးလတ် | ၇/အတန(နိုင်) ၀၇၃၃၉၉ | ၃၂ | စာရင်းကိုင် | - |

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၆ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၃ | ၃၂ | ၅၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၂ | ၁၈ | ၅၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၀ | ၂၉ | ၅၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၁ | ၂၄၇ | ၄၃၈ |

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၆၅ နှစ် အထက် | သက်ကြီးရွယ်အိုကြီး | ၁၉ | ၆ | ၂၅ |
| **စုစုပေါင်း** | | **၂၉၉** | **၃၃၈** | **၆၃၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၅၀** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိစုစုပေါင်းလူဦးရေ၏(၆၉%)ခန့်မှာ အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်များဖြစ်၍ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးသောကျေးရွာဖြစ်ပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧ) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၂၁၀.၈ | သင့် | ရ | မြေအောက်ရေ/ဆည်ရေ |
| ယာမြေ | - | - | - | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| **စုစုပေါင်း** | ၂၀၁.၈ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။** စိုက်ပျိုးမြေအဖြစ် လယ်မြေသာရှိပြီး မြေဆီ အသင့်အတင့် ကောင်းမွန်ကာ စိုက်ပျိုးရေအဖြစ် မိုးရေ၊ မြေအောက်ရေနှင့် ဆည်ရေတို့ကို အသုံးပြုနိုင် ပါသည်။

### (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ခါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | - | - |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် - | ပျှမ်းမျှ မိုးရေချိန် - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ ဓါတ်သတ္တုထွက်ရှိခြင်း မရှိသော်လည်း သဘာဝအရင်းအမြစ်အဖြစ် ရေပွက်ချောင်းသဲအနည်းငယ် ရရှိနိုင်ပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ရပ်မိ ရပ်ဖ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း |
| ၂ | သာရေး၊ နာရေး | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး | ကောင်း |

| စဉ် | **အဖွဲ့အစည်းအမည်** | **အမျိုးအစား** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|
| | | | ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၃ | ဘဝတန်းမြင့် ပရဟိတ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း |
| ၄ | ဓမ္မရောင်ခြည်ဝတ်ရွတ် | ၁☐ ၂☐ ၃☑ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း |
| ၅ | မီးလင်းရေးကော်မတီ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ ကျေးရွာအတွင်းအဖွဲ့အစည်းများသည် လူမှုရေးအဖွဲ့အစည်းများသာဖြစ်ပြီး အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်၍ ဆောင်ရွက်ကြောင်း တွေ့ရှိရသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧက | ၅ဧက | ၂ဧက | - |
| အိမ်အခြေအနေ | တိုက်ခံသွပ်မိုး | တိုက်ခံပျဉ်ထောင် | သွပ်မိုး၊ပျဉ်ကာ | အင်ဖက်မိုး၊မြေစိုက် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | - | - | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် | စိုက်ပျိုးရေး၊ မွေးမြူရေး | စိုက်ပျိုးရေး၊ ကျဘမ်း | ကျဘမ်း |
| **အိမ်ထောင်စု** | ၁၅ | ၄၁ | ၅၅ | ၃၉ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။အိမ်ထောင်စုအများစုမှာ မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပြီး စိုက်ပျိုးရေးအနည်းငယ်လုပ်ကိုင်သူများနှင့် ကျဘမ်း လုပ်ကိုင်သူများဖြစ်ကြသည်။ကျဘမ်းလုပ်ကိုင်သည်ဆိုရာတွင် စိုက်ပျိုးရေးလုပ်သားအဖြစ် အများဆုံးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေးအလုပ်ပါးချိန်တွင် ကယ်ရီဆွဲခြင်းကိုလည်း လုပ်ကိုင်ကြသည်။

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု<br>အရွယ်အစား | အိမ်ထောင်စု<br>အရေအတွက် | အိမ်ထောင်စု<br>% | ဖွံ့ဖြိုးရေးအမြင်<br>သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၇ | ၅၈% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၂၀ | ၁၃.၃၃% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၂၆ | ၁၇.၃၃% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား<br>( ၅ဟတ်တာထိ) | ၁၇ | ၁၁.၃၄% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက်<br>(၅ဟတ်တာနှင့် အထက်) | - | - | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု<br>စုစုပေါင်း** | ၁၅၀ | ၁၀၀% | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။** ။ မြေယာမဲ့အိမ်ထောင်စုမှာ (၅၈%) ခန့် ရှိပြီး မြေယာပိုင်ဆိုင်သူအများစုမှာ (၂.၅)ကေမှ (၅)ကေကြားသာ ပိုင်ဆိုင်ကြသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၂၁၀.၈ | တင်း | ၅၀ | ၁၀၀ | ၇၀ | ကောင်း |
| ပဲ | ၅၀ | တင်း | ၅ | ၇ခွဲ | ၆ | သင့် |
| - | - | - | - | - | - | - |
| - | - | - | - | - | - | - |

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| - | - | - | - | - | - | - |
| - | - | - | - | - | - | - |
| - | - | - | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စပါးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များပြီး နွေရာသီတွင် ဆည်ရေရရှိမှု နည်းသော အချို့လယ်မြေများတွင် ပဲစိုက်ကြပြီး ကျန်မြေတွင် နွေစပါးကို စိုက်ပျိုးပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၄ | ၅၃ |
| နို့စားနွား | - | - |
| ကျွဲ | ၄၈ | ၁၂၇ |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၁ | ၅ |
| သိုး | - | - |
| ဝက် | ၁၂၆ | ၂၈၉ |
| ကြက် | ၉၈ | ၁၃၂၇ |
| ဘဲ | ၃၁ | ၂၄၈ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးအဓိကလုပ်ကိုင်သောကျေးရွာဖြစ်၍ ကျွဲ၊နွားများ မွေးမြူကြပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးအဖြစ် ကြက်၊ ဝက်၊ ဘဲ မွေးမြူခြင်းများလည်း ရှိသည်။

**(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၁ | ၃၀ | - | မြင့် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၇ | - | ၇ | လတ် |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၁ | - | ၈ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | - | - | - | - |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| | (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | - | - | - | - |
| ၁၃ | ကျန်းမာရေး | ၁ | ၃ | - | လတ် |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအ ပ) | - | - | - | - |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လက်သမား၊ပန်းရံလုပ်ကိုင်ခြင်း၊ အပ်ချုပ်ခြင်း၊ လက်လီလက်ကားရောင်းဝယ်ခြင်းလုပ်ငန်းလုပ်ကိုင်ကြပြီး ကျန်းမာရေးဝန်ထမ်းများလည်းရှိ၍ ရပ်တည်နိုင်မှုအခြေအနေ အသင့်အတင့်ရှိသည်။

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | အုတ်တွင်းဈေး | တောင်ငူဈေး |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☑ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး☑ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊

စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်တွင်းဈေးနှင့် (၃)မိုင်ခန့်သာ ဝေးပြီး စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းအချို့ဝယ်ယူရရှိနိုင်ပြီး တောင်ငူဈေးတွင်မူ ကုန်ပစ္စည်းအစုံ ဝယ်ယူရရှိနိုင်သည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐ ၂☑ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☑ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ဝ-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁ဝ မိုင် ☐ ၁ဝမိုင်အထက် ☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐ | ဝ-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁ဝ မိုင် ☐ ၁ဝမိုင်အထက် ☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☑ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☑ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ဝ-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁ဝ မိုင် ☐ ၁ဝမိုင်အထက် ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ရွာလယ်လမ်းမကို ကိုယ်ထူကိုယ်ထဖြင့် ကျောက်ခင်းထားပါသည်။ကျေးရွာချင်းဆက်လမ်းဖြစ်သော ရေသိုးနှင့် ဆက်သွယ်သော လမ်းမှာလည်းကျောက်ကြမ်းလမ်းဖြစ်ပြီး ရာသီမရွေးသွားလာရန် အသင့်အတင့် ကောင်းမွန်ပါသည်။

## (၅. ၃)   ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။**   ။ ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အသုံးမပြုပါ။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၅၉ | ၉၄ | ၁ | - | - | - | ၄၂ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။**   ။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်သော ကျေးရွာဖြစ်၍ စက်ဘီး၊ ဆိုင်ကယ်အသုံးပြုမှုများပြီး လယ်ယာထွက်ကုန်များသယ်ယူရန်အတွက် နွားလှည်းကို အသုံးပြုကြ သည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| ဆိုလာစနစ် | ၈၇ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၄ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၅၉ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဆိုလာသုံးစွဲသော အိမ်ထောင်စုများပြီး ဒီဇယ်အင်ဂျင်သုံးစွဲသော အိမ်ထောင်စု(၄)စုရှိကာ ကျန်အိမ်ထောင်စုများမှာ ဖယောင်းတိုင်မီး၊ ဓါတ်ခဲမီးနှင့် ဘတ္တရီမီးတို့ကို သုံးစွဲကြ သည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၁၇၇ | ၆၅ | ၄၄ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ဖုန်း၊ရေဒီယိုနှင့် တီဗွီသုံးစွဲမှုများ၍ သတင်းအချက်အလက်ရရှိမှု လွယ်ကူပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၃၆ | ၃၀ | ၆၆ |
| အလယ်တန်း | ၃၀ | ၂၄ | ၅၄ |
| အထက်တန်း | ၈ | ၁၃ | ၂၁ |
| တက္ကသိုလ်/ကောလိပ် | ၄ | ၄ | ၈ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး</u>

ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျောင်းသားဦးရေများပြားသောကျေးရွာဖြစ်ပါသည်။

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐ မူလွန် ☑ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐ | မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☑ | မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☑ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☐ ကား ☐ | ခြေလျင် ☐ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၈/ပေ | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☐ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ☐ | | | ☐ | | | ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဇ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐တိုက်ကျွေးမှုမရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှုမရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှုမရှိပါ ☐ | | |
| **ဈ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | - | - | - | - | - | - | - | - |
| ကျေးရွာခန့် | - | - | - | - | - | - | - | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်စာသင်ကျောင်းမရှိ၍ မူလတန်းကို ရေသိုးကျေးရွာ မူလွန်ကျောင်းတွင် တက်ရောက်ရပြီး အလယ်တန်းနှင့်အထက်တန်းကိုမူ ဗောဓိကုန်းအထက်တန်းကျောင်းတွင်တက်ရောက်ရသည်။ပညာရေးဌာနမှ မူလတန်းကျောင်း(၂)ကြိမ်ချပေးသော်လည်း မြေနေရာမရှိ၍ မူလတန်းကျောင်းအဖြစ် ဆောက်လုပ်နိုင်ခဲ့ခြင်းမရှိပါ။ယခုအခါ မြေနေရာလှူဒါန်းမည့်သူရှိပြီး ပညာရေးဌာနမှ မူလတန်းကျောင်းအဖြစ် ဆောင်ရွက်ပေးမည်ဆိုပါက ကလေးငယ်များ ပညာသင်ကြားရာတွင် လွယ်ကူနိုင်မည်ဖြစ်ပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် | မြင့်☐ | နိမ့်☐ | မရှိ☑ |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| | ကူးစက်နိုင်သောရောဂါများ | |
| ၆ | တီဘီ | မြင့်☐ နိမ့်☑ မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ နိမ့်☑ မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ နိမ့်☑ မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ နိမ့်☐ မရှိ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ နိမ့်☐ မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့်☐ မရှိ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ သာမာန်နာမကျန်းမှုများရှိသော်လည်း စိုးရိမ်ဖွယ်ရာအခြေအနေမရှိပါ။

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | Â | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | Â | |
| ၃ | ပိုလီယိုရောဂါ | Â | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | Â | |
| ၅ | ဝက်သက်ရောဂါ | Â | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | Â | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | Â | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | Â | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ရွာခံ ကျန်းမာရေးသင်တန်းတက်ရောက်ထားသူများရှိပြီး လစဉ်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှုများလည်းရှိသည်။

**(၇.၃)  ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအနီးတွင် နတ်စဉ်ကုန်းကျန်းမာရေးဌာနခွဲနှင့် ဗောဓိကုန်း ကျန်းမာရေး ဌာနခွဲတို့ရှိပြီး ထိရောက်သော ဆေးကုသမှု လိုအပ်ပါက အုတ်တွင်းမြို့နယ်ဆေးရုံသို့ သွားရောက်ရန် လွယ်ကူပါသည်။

**(၇.၄)    ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄. ၁)  သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | - | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ စက်တပ် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ တုံကင် | ၁၅၀ | ကောင်း☐ သင့်☑ ညံ့☐ | လုံလောက်မှုရှိ |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းေ ေ | - | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိအိမ်ထောင်စုအားလုံးသည် အဝီစိတုံကင်မှ ရေကိုသုံးစွဲကြပြီး ရေအရည်အသွေးအသင့်အတင့်ရှိကာ ရာသီမရွေးလုံလောက်စွာသုံးစွဲနိုင်ပါသည်။

**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၄၅ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၅ |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ယင်လုံအိမ်သာ သုံးစွဲသူများပြီး အိမ်ထောင်စုအနည်းငယ်သာ ယင်လုံအိမ်သာ မသုံးစွဲကြကြောင်းတွေ့ရသည်။

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | - |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | - |
| ၃ | ရေကြီးခြင်း | - |
| ၄ | မိုးခေါင်ခြင်း | - |
| ၅ | အအေးလွန်ကဲခြင်း | - |
| ၆ | မုန်တိုင်း | - |
| ၇ | လျှော်င် | - |
| ၈ | မီးဘေး | - |
| ၉ | ဆားငန်ရေဝင်မြေ | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | - |
| ၁၂ | ငှက်ဖျားရောဂါ | - |
| ၁၃ | တီဘီရောဂါ | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | - |
| ၁၇ | လူကုန်ကူးခြင်း | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရံဖန်ရံခါ လေပြင်းတိုက်ခတ်ခြင်းရှိသော်လည်း ထိခိုက်နိုင်သော ဘေးအန္တရာယ်မရှိပါ။

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|

| မြေဆီသြဇာအခြေအနေ | နိမ့် | မြေဆီကောင်း |
|---|---|---|
| အပင်မျိုးစိတ်များ | - | - |
| ရေအရင်းအမြစ် | - | - |
| ငါးမျိုးကွဲများ | - | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သဘာဝပတ်ဝန်းကျင် အန္တရာယ် ဖြစ်မှုမရှိပါ။

**(၁၀) ကျား - မ ရေးရာ**

ဇယား (၂၅) ကျား - မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ☑ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ခေါင်းဆောင်မှု မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်မူ ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည်။